# နှစ်တစ်ရာပြည့် ငြိမ်းချမ်းရေး နှင်းဆီ သို့

ရေးသူ–မင်းမင်းသိန်း

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့သည် မြန်မာ့သားကောင်း စံနမူနာကြီး ဦးသန့် သက်ရှိ ထင်ရှား ရှိနေအုံးမည်ဆိုလျှင် အသက်တစ်ရာ တင်းတင်းပြည့်ပါပြီ။ "ချစ်သောသူများ အသက်တိုကြသည် ဝမ်းနည်း၍ မဆုံးပါ" ဆိုတဲ့ ဆရာတင်မိုးရဲ ကဗျာလေးကို သတိရမိရင်း တတိယ မြောက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူ ဦးသန့် ၏ အကြောင်းလေးကို ပြန်လည် ဖောက်သည် ချမိပြန်ပါတယ်။

ဟိုး . . . . တချိန်တုန်းက အာရှတိုက်သားတစ်ယောက်သည်လည်း ဒီလိုတာဝန်တွေကိုထမ်းဆောင်ခဲ့ ဘူးပါလားဆိုတဲ့ အသိနဲ့ မြင်ယောင်မိပါတယ်။ ကျနော်တို့ ဗမာနိုင်ငံမှာ ဒီလို ထူးချွန်ထက်မြက်တဲ့သူတွေပေါ်ပေါက် ပါလျှက် ခေတ်ဆိုး၊စနစ်ဆိုးဘဝမှ ယနေ့ အချိန်အထိ မလွတ်မြောက်နိုင်သေးတာဟာဖြင့် အင်မတန်ဝမ်းနည်းစရာကောင်းလှပါတယ်။

နှစ်တစ်နှစ်၏ ဇူလိုင်၊ဩဂုတ်၊စက်တင်ဘာ၊နိုဝင်ဘာ၊ဒီဇင်ဘာ တွေဟာ ကျနော်တို့ဗမာ နိုင်ငံအတွက် အထူးဝမ်းနည်းကြေကွဲစရာတွေ၊ သွေးချောင်းစီးအောင်သတ်ဖြတ်မှုတွေ၊ စနစ်တစ်ခု ကိုတွန်း လှန်ခဲ့တဲ့ ဖြစ်ရပ်တွေ၊ နိုင်ငံခေါင်းဆောင်ကြီးများ လုပ်ကြံသတ်ဖြတ်ခံရမှုတွေ၊လူထုအုံကြွမှု တွေစသည်ဖြင့် အမျိုးမျိုး ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ လတွေပါ။ အတိတ်ရဲ့ ဖြစ်ရပ်တွေကို ယနေ့ခေတ် လူငယ်တွေ သိအောင် လက်ဆင့်ကမ်းနိုင်ဖို့ ပါပဲ။

၁၉၄၈–ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ တွင် လုံခြုံရေးကောင်စီက ဗမာနိုင်ငံအားကုလသ မဂ္ဂကို ဝင်ခွင့် ပြုရန် သဘောတူခွင့်ပြုခဲ့ပါတယ်။ဧပြီလ ၁၉ ရက်နေ့ တွင် အထွေထွေညီလာခံက လုံခြုံရေး ကောင်စီ၏ ထောက်ခံချက်အရ ဗမာနိုင်ငံအား ၅၈–နိုင်ငံမြောက် အဖွဲ့ဝင် နိုင်ငံအဖြစ် လက်ခံ အတည်ပြုခဲ့ပါတယ်။

ကုလသမဂ္ဂအဖွဲ့ ကြီး၏ တတိယမြောက် အတွင်းရေးမှူးချုပ်မှာ ဗမာနိုင်ငံသား ဦးသန့် ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ မှစ၍၁၉၇၁ ဒီဇင်ဘာလ အထိ တာဝန်ထမ်း ဆောင်ခဲ့ သည့် ကမ္ဘာ့ အကျိုးတော်ဆောင်ကြီး ဦးသန့် ၏ ကိုယ်ရေးရာဇဝင်အကျဉ်းကို အနည်းငယ် ဖော်ပြလိုပါတယ်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

ဦးသန့် အား မြစ်ဝကျွန်းပေါ်ဒေသ၊မအူပင်ခရိုင်၊ပန်းတနော်မြို့ တွင် ဆန်စက်ပိုင်ရှင်– မြေပိုင်ရှင် ဦးဘိုးနှစ်–ဒေါ်နန်းသောင်းတို့မှ ၁၉၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ သောကြာနေ့ တွင်ဖွားမြင်ခဲ့သည်။ညီအကိုလေးယောက်ရှိရာ အကြီးဆုံးဖြစ်သည်။ ပန်တနော်မြို့ ဝိုင်အမ်ဘီအေ

အလယ်တန်းကျောင်းတွင် ပထမတန်းမှစ၍ ပညာသင်ယူခဲ့သည်။၁၉၂၆ ခုနှစ်တွင် ပန်းတနော်အမျိုးသားအထက်တန်းကျောင်းမှဆယ်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့ရာ ဝိဇ္ဇာပညာရပ်များကို သင်ယူခဲ့သည်။တက္ကသိုလ်ကျောင်းသားဘဝ သူနေခဲ့သောကျောင်းဆောင်များမှာတကောင်းကျောင်းဆောင်၊ပုဂံဆောင်၊မေအောင်ကျောင်းဆောင်တို့ဖြစ်သည်။၁၉၂၈ ခုနှစ်တွင်ဥပစာတန်းကိုအောင်မြင်ခဲ့သည်။အသက် ၁၉ နှစ်အရွယ်တွင် ပန်းတနော်သို့ပြန်၍ အမျိုးသားအထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအဖြစ်ဆောင်ရွက်ခဲ့သည်။ဘွဲ့ ရရန် ၁နှစ်သာလိုသော်လည်း ကျန်သောညီငယ်များအား ငဲ့ညှာပြီး တက္ကသိုလ်မှ ထွက်ခဲ့သည်။အမျိုးသားအထက်တန်းကျောင်းတွင် ကျောင်းဆရာအဖြစ်အမှုထမ်းနေစဉ် ဦးနုသည်ပန်းတနော်သို့ ကျောင်းအုပ်ဆရာ ကြီးအဖြစ်ရောက်လာခဲ့သည်။

ကျောင်းဆရာဘဝဖြင့်စာပေများရေးသားခဲ့ရာ အမျိုးသားပညာရေးမဂ္ဂဇင်း(National Educationist) သူရိယနှင့်မြန်မာ့အလင်းမဂ္ဂဇင်း၊ဂန္ဓလောကမဂ္ဂဇင်းများတွင် အင်္ဂလိပ်ဘာသာ၊မြန်မာဘာသာများဖြင့်စာပေဆောင်းပါး၊ကဗျာများကို ၁၉၃၀ ခုနှစ်မှစ၍ အဆက်မပြတ်ရေးခဲ့သည်၊ ၊၁၉၃၁ ခုနှစ်တွင် ပန်းတနော်အမျိုးသားအထက်တန်း ကျောင်း အုပ် ဖြစ်ခဲ့သည်။၁၉၃၅ ခုနှစ်မသိန်းတင် နှင့်အိမ်ထောင်ပြု ခဲ့သည်။၁၉၄၂ ခုနှစ် မေလတွင် ဗိုလ်ချုပ်အောင်ဆန်း နှင့် သခင်ထွန်းအုပ်တို့ က ခေါ်တွေ့ပြီး ဦးသန့် ကို မြန်မာ့ပညာရေး ပြန်လည်ပြုစုရေး ကော်မတီတွင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ရန်တာဝန်ပေးသည်။

စစ်ကြီးပြီးသွားပြီးနောက် ၁၉၄၇ ဂျူလိုင်လ ၉ ရက်နေ့ တွင်ဦးသန့် မိသားစုသည်ရန်ကုန်သို့ပြောင်းရွှေ့ လာပြီး မူလရည်ရွယ်ချက်ဖြစ်သော မဂ္ဂဇင်းထုတ်ဝေရေး လုပ်ကိုင်ရန်ဖြစ်သည်။ ပန်းတနော်အမျိုးသားအထက်တန်းကျောင်းတွင် ကျင်းပသော နှုတ်ဆက်ပွဲတွင် မိမိချစ်သောတပည့်များကို

"တပည့်တို့.... လူတော်လူကောင်းဖြစ်အောင်ကြိုးစားကြပါ။ လူတော်မဖြစ်လျှင်တောင်မှ လူကောင်း တော့ဖြစ်အောင်ကြိုးစားကြပါ၊ဒီနေ့ ဒို့နိုင်ငံမှာ လူတော်လည်းသိပ်ရှားတယ်၊ပြီးတော့ လူဆိုးတွေလည်း အများကြီးပဲ...."

ထို့ နောက် မိမိ၏မူလ ရည်ရွယ်ချက်ဖြစ်သော မဂ္ဂဇင်းထုတ်ဝေရေးကို မလုပ်နိုင်တော့ပဲ ဖဆပလ အဖွဲ့ ချုပ်ကြီးတွင် ဦးနု၏ တာဝန်ပေးချက်အရ ပြန်ကြားရေးအရာရှိအဖြစ် လုပ်ကိုင်ခဲ့သည်။၁၉၅၃ ခုနှစ်တွင် ဝန်ကြီးချုပ်ရုံးအတွင်းဝန်အဖြစ်လည်ကောင်း၊၁၉၅၅ ခုနှစ်တွင် ဝန်ကြီးချုပ်၏အတွင်းဝန်အဖြစ်လည်ကောင်းတာဝန်များထမ်းဆောင်ခဲ့သည်။၁၉၅၇ ခုနှစ်တွင်ဦးသန့်အား ကုလသမဂ္ဂဆိုင်ရာ အမြဲတန်း သံအမတ်ကြီးအဖြစ် ခန့် အပ်ခြင်းခံရသည်။၁၉၆၁ခုနှစ်မှ စ၍

၁၉၇၁ ခုနှစ်အထိ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်၊ ကုလသမဂ္ဂ တာဝန်များကို ထမ်းဆောင်ခဲ့ရာ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်မှုများတွင်အထူး အောင်မြင်မှု့ များရရှိခဲ့သည်။အထူးသဖြင့် ကျူးဘားရောက် ဆိုဗီယက် ဒုံးပျံလက်နက်ပြဿနာ၊ အင်ဒိုနီးရှားနှင့် အနောက်အီရီယံပြဿနာ၊ဆိုက်ပရပ်စ်ပြဿနာ၊အရှေ့အလယ်ပိုင်းအရေးအခင်း၊ အိန္ဒိယ ပါကစ္စတန်စစ်ပွဲ၊ မြောက်ဗီယက်နမ် သို့ အမေရိကန် ဗုံးကြဲမှု ရပ်ဆဲရေးအပါအဝင် ကမ္ဘာ့လောင်စာပြဿနာကြီးငယ်တို့ ကို ဦးသန့် နှင့် ကုလသမဂ္ဂအဖွဲ့ ကြီး၏ဖြေရှင်းမှုဖြင့် ပြေလည်ခဲ့သည်။ဦးသန့် ၏ကြိုးစားဆောင်ရွက်ပေးခဲ့မှုကြောင့် ကုလသမဂ္ဂအဖွဲ့ ကြီးတွင်တရုတ်ပြည်သူ့ သမ္မတ နိုင်ငံကို နေရာမှန်ပေးနိုင်ခဲ့သည်။

ဦးသန့် သည် အတွင်းရေးမှူးရာထူး မှ အငြိမ်းစားယူပြီးသည့်နောက် (၁၉၆၁ ခုနှစ်မှ ၁၉၇၁ အထိ )ကမ္ဘာ့သမိုင်းပြုစုခြင်း လုပ်ငန်းကြီးကို လုပ်ကိုင်ခဲ့သည်။ကျမ်းကြီး နှစ်စောင်ပြုစုပြီး သည်နောက် ဗမာပြည်သို့ ပြန်ပြီး လုံးဝ အနား ယူရန်ဆုံးဖြတ်ပြီး ဖြစ်သော်လည်း ၁၉၇၃ခုနှစ်တွင် ဦးသန့် သည် လည်ချောင်းကင်ဆာရောဂါကို စတင်ခံစားခဲ့ရပြီး ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ တွင် နယူးယောက်မြို့ ကိုလံဘီယား ဆေးရုံကြီးတွင် ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ဦးသန့် ၏ရုပ်ကလာပ်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်းစုံမှ ကိုယ်စားလှယ်များနှင့်နောက် ဆုံးဂါရဝပြုလုပ်၍ ရုပ်ကလာပ်ကို သဂြိုလ်ရန် မြန်မာနိုင်ငံသို့ ၁၉၇၄ ခုနှစ်ဒီဇင်ဘာလ၁ ရက်နေ့တွင် ့ ရောက်ရှိလာခဲ့သည်။ ဗိုလ်နေဝင်း စစ်အစိုးရသည် ဦးသန့် ၏ရုပ်ကလာပ်ကိုမြင်းပြိုင်ကွင်းဟောင်း(ကျိုက်ကဆံကွင်း)တွင် မဏ္ဍပ်ငယ်တခုသာ ဆောက်ပေးပြီး၊ ဒီဇင်ဘာလ၅ ရက်နေ့ ၊နေ့ လည် ၁ နာရီတွင် ကြံ့တောသင်္ချိုင်းသို့ ပို့ ဆောင်သဂြိုလ်မည်ဟု ကြေညာခဲ့ပါသည်။ ဗိုလ်နေဝင်းက ဦးသန့် ကို အညိုးအာဃာတနဲ့ ဦးသန့် ၏ ရုပ်အလောင်းကို ထိုက်တန်တဲ့နေရာမှာ ဂုဗိမ္ဗာန် ဆောက်လုပ်မပေးဘူး။ ကြံ့တောသင်္ချိုင်းရှိ ဒေါ်ခင်မေသန်း၏ အုတ်ဂူ နောက်တွင် နေရာပေးသည်။ရဟန်းရှင်လူ ကျောင်းသားပြည်သူတွေကတော့ ဦးသန့် ရုပ်ကလာပ်ကို ဘယ်မှာပဲထားထား သွားရောက်ဂါရဝပြု ခဲ့ကြသည်။။

၁၉၇၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်နေ့ မနက်မှာတော့ကျိုက္ကဆံကွင်းတွင် သွားရောက် ဂါရဝပြုသူတွေ၊ ကြံ့တောသင်္ချိုင်းတွင် စောင့်နေသူများဖြင့်ကျောင်းသား ပြည်သူများ လှုပ်လှုပ်ရွရွ ဖြစ်နေကြပါပြီ။ “ဘာကြောင့်များ ကမ္ဘာ့ငြိမ်းချမ်း ရေးပုဂ္ဂိုလ်ကြီး၏ ရုပ်ကလာပ်ကို ဒီလိုပြီးစလွယ် စီစဉ်ရသနည်း” ဆိုတဲ့ အတွေးနဲ့ စိတ်မကောင်း၊ ဝမ်းနည်းဖြစ်နေရတဲ့ ကျောင်းသားပြည်သူ တွေဟာ လုပ်သင့်တာတစ်ခုကို အချိန် မဆွဲဘဲ လုပ်ခဲ့ပါတယ်၊

“ငြိမ်းချမ်းရေးဖခင်ကြီးဦးသန့် အတွက် ဂူဗိမာန်ရရှိရေး ဒို့အရေး၊ ဒို့အရေး” ဆိုတဲ့ ကြွေးကြော် သံများနှင့်အတူ ကျောင်းသားထုက ဦးသန့် ၏ရုပ်ကလာပ်ကို တက္ကသိုလ်နယ်မြေ

သို့ပြန်လည်သယ်ဆောင်၍ ထိုက်သင့်သော ဈာပနအခန်းအနားဖြင့် ငြိမ်းချမ်းရေးဂူဗိမာန်ကြီး တည်ဆောက်မည်ဖြစ်ကြောင်း ကြေညာလေသည်။ ထို့နောက်ဦးသန့်၏မိသားစုနှင့် ဆွေမျိုးများထံမှ ခွင့်တောင်းပြီး ရုပ်ကလာပ်ကို လာရာလမ်းအတိုင်း တက္ကသိုလ်နယ်မြေ အဓိပတိလမ်းအတိုင်း သယ်ဆောင်ပြီး ဘွဲ့နှင်းသဘင်အဆောက်အဦးရှေ့တွင် ယာယီစင်မြင့်ဆောက်လုပ်၍ ခေတ္တထားပြီးနောက် ခန်းမအတွင်းသို့ ရွှေ့ပြောင်းခဲ့သည်။

ရုပ်ကလာပ်သယ်ဆောင်လာရာလမ်းတလျှောက်တွင် လူအုပ်ကြီးတွေနှင့် ပြည့်ကျပ်နေပြီး ကျောင်းသားထုတို့၏ ကြွေးကြော်သံများကလည်း အရာရာကိုဖုံးလွှမ်းလျှက်၊ ဘွဲ့နှင်းသဘင်ခန်းမရှေ့မျက်ခင်းပြင်တွင် ကျောင်းသားများနေရာယူထားပြီး ကားခေါင်မိုးပေါ်မှနေ၍ လက်တဖက်တွင် မိုက်ကရိုဖုန်းကိုင်လျှက် လက်သီးလက်မောင်းတန်းပြီး ကျောင်းသားတစ်ဦးချင်း တက်ရောက်ရင်ဖွင့်ကြသည်။

"ပြောတော့ ဆိုရှယ်လစ်ဒီမိုကရေစီ၊လုပ်တော့တစ်ပါတီကောင်းစားရေး"

"အောက်ကိုလည်းပြန်ကြည့်ပါဦး... ကားဝယ်တိုက်ဆောက်နှင့်သာ အချိန်ဖြုန်းမနေပါနှင့်"

"ကျမ လက်ရှိနေဝင်းစစ်အစိုးရ လုပ်ပုံကိုင်ပုံလေးတွေကို လွတ်လွတ်လပ်လပ် ဒီမိုကရေစီကျကျ ဝေဖန်ရတဲ့ အတွက် များစွာမှ အားရကျေနပ်လှပါတယ်။အခုလိုပြောလို့ ကျမကိုဖမ်းပြီး ထောင်ချရင်လည်း ကျမထောင်ထဲမှာ နေရဲပါပဲ။ ဘာကြောင့်လည်းဆိုတော့ ထောင်ထဲမှာမှ ထမင်းလေးမှန်မှန်စားရမှာ"

စသည်ဖြင့် ကျောင်းသူကျောင်းသားများ၏ ရင်ဖွင့်သံများကို နားထောင်နေကြသည့် လူထုပရိတ်သတ်ကြီး၏ လက်ခုပ်သြဘာသံများကလည်း တက္ကသိုလ်ကြီးအတွင်း အသံမစဲပေ။ဒီဇင်ဘာ (၈)ရက်နေ့တွင် ဦးသန့်၏ ရုပ်ကလာပ်အား ကန်တော်မင်ပန်းခြံတွင်သင်္ဂြိုလ်ပေးမည်ဟု မြန်မာ့အသံမှကြေညာသည်။သို့သော်လည်း ဈာပန ကော်မတီ၏ ဆုံးဖြတ်ချက်အရ ဦးသန့်ရုပ်ကလာပ်အား စက်မှုတက္ကသိုလ်ကျောင်းသားများ ပုံစံဆွဲ တည်ဆောက်ထားသည့် ကျောင်းသားသမဂ္ဂမျက်ခင်းပြင်တွင်သာ သင်္ဂြိုလ်ရန် သဘောတူခဲ့သည်။ တယောက်တလက်လုပ်အားဖြင့် တည်ဆောက်ထားသော ဂူဗိမာန်၌ဒီဇင်ဘာလ (၈) ရက်နေ့တွင်သင်္ဂြိုလ်ခဲ့ပြီး၊ ဂူဗိမာန်ပြီးစီးရေးအတွက် ဆက်လက်လုပ်ကိုင်ခဲ့သည်။

ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် ဗိုလ်နေဝင်းစစ်တပ်သည် ကျောင်းသားများကို နှိမ်နင်းရန် စီမံပြီး ရန်ကုန်တက္ကသိုလ်တစ်ခုလုံးကို သိမ်းပိုက်လိုက်ပါသည်။ (၁၁) ရက်နေ့ မနက် ၂နာရီလောက်တွင် အဓိပတိလမ်းရှိ အဓိက ဝင်ပေါက် တံခါးကြီးကို ကရိန်းဖြင့် တွန်းလှန်ဖျက်စီး၍ ကျောင်းဝင်းအတွင်းဝင်ရောက်ဖမ်းဆီးကြပါသည်။ မျက်ရည်ယိုဗုံးများ၊မြေကော်စက်များ၊လက်ကိုင်တုတ်များဖြင့် လူစုခွဲကာ ဦးသန့်အုတ်ဂူအားဖြိုချ၍ ရုပ်ကလာပ်အား ပြန်လည်ဖော်ယူပြီးကန်တော်မင်ပန်းခြံဘေးရှိ သခင်ကိုယ်တော်မှိုင်း အုတ်ဂူဘေးနေရာသို့ ညတွင်းပင် ပြောင်းရွှေ့မြှုပ်နှံခဲ့သည်။

ကြမ်းတမ်းစွာ ဖျက်ဆီး ဖမ်းဆီးသည့်အတွက် ကျောင်းသားတချို့ သေဆုံးခဲ့ရသည်၊စစ်ဖိနပ်စာထိ၍ အရိုးကျိုးသူကျိုး၊တုတ်ဖြင့် ရိုက်သောကြောင့် ခေါင်းကွဲသူကွဲဖြင့် စစ်တပ်၏ အကြမ်းဖက်နှိမ်နင်းခြင်းကို ကျောင်းသားပြည်သူများ ခံခဲ့ရသည်။ ခေတ်အဆက်ဆက် စစ်တပ်၏နှိမ်နင်း သတ်ဖြတ်မှုများကြောင့် ကျောင်းသားပြည်သူတို့ ၏ သွေးများ မြေကျခဲ့ရသည်။ အချုပ်ကားပေါ် အတင်းအဓမ္မ တင်ဆောင်ပြီး အင်းစိန်ထောင်သို့ ပို့ သည်။ ကျောင်းသားပြည်သူများ၏စိတ်ဓါတ်သည်ကား စစ်အာဏာရှင်များကို ဤသို့ ပင်ကြွေးကြော်နိုင်ခဲ့သည်။

“အမေကမွေး ထောင်ကကျွေး”

“အင်းစိန်ထောင်ကြီး ထပ်ချဲ့ ထပ်ချဲ့ ”

“ရေကြည်အိုင်လည်း ထပ်ချဲ့ ထပ်ချဲ့ ”

“နေဝင်း နေဝင်း (အို့ ၊အို့ )”

“စန်းယု စန်းယု (အို့ ၊အို့ )”

“အရေးတော်ပုံ အောင်ရမည် အောင်ရမည်”

ထိုသို့ စစ်တပ်၏ အကြမ်းဖက်နှိမ်နင်းမှုကို သည်းမခံနိုင်သော ပြည်သူလူထုကြီးသည် ဒီဇင်ဘာလ (၁၁)ရက်နေ့ နံနက်ပိုင်းမှစ၍ အစိုးရနှင့် သက်ဆိုင်သည့် ပါတီယူနစ်ရုံးများ၊ရဲစခန်းများ၊ရုပ်ရှင်ရုံများကို မီးရှို့ ဖျက်ဆီးပြီး တန်ပြန် အကြမ်းဖက် ဆန္ဒပြရာ စစ်အာဏာရှင်များ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် လူပေါင်းများစွာ အသတ်ခံခဲ့ရသည်။ ထောင်ပေါင်းများစွာသော ကျောင်းသားပြည်သူများကို ထောင်ဒါဏ် (၃)နှစ်မှ (၅) နှစ်အထိ ချမှတ်ပြီး အပြစ်ပေးခဲ့သည်၊

ကမ္ဘာ့ ငြိမ်းချမ်းရေးဖခင်ကြီး ဦးသန့် ၏ အားနောက်ဆုံးဂါရဝပြု ပူဇော်ပွဲသည်လည်း ဗိုလ်နေဝင်း၏ နေရာပေးမှားယွင်းမှုကြောင့် လူပေါင်းများစွာ သေကြေပျက်စီးခဲ့ရသည့် သွေးမြေကျ ပွဲကြီးဖြစ်ခဲ့ရသည်။ ကမ္ဘာ့သမိုင်းဝင် လူတစ်ဦးဖြစ်ခဲ့သော ငြိမ်းချမ်းရေး ဗိသုကာကြီးဦးသန့် သည်ကား သက်ရှိထင်ရှားမရှိတော့ပေ။ သို့ သော် သူ၏သမိုင်း၊သူလျှောက်ခဲ့သော လမ်းသည်ကားယနေ့အချိန် အထိ မေ့မ ရနိုင်သော သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေခဲ့ပေသည်၊

(ကျမ်းကိုး။ ။ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့် ၊ ရေးသူ –တက္ကသိုလ်စိန်တင်
။အရေးတော် ပုံလေးစောင်တွဲ စာအုပ်မှ ကောက်နုတ်တင်ပြပါသည်)

မင်းမင်းသိန်း